ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# သတင်းထုတ်ပြန်ကြေညာချက်

၂ /၂၀၁၈

၁။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင်ခေတ္တရပ်နားထားသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ ပုံမှန်ကောင်စီအစည်းအဝေးအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင် ပြန်လည်စတင်ခဲ့ပါသည်။ အဆိုပါ ပုံမှန်ကောင်စီ အစည်းအဝေးသို့ ကောင်စီအဖွဲ့ဝင်အဖွဲ့အစည်းများ ဖြစ်ကြသည့် မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ ကောင်စီဝင်များအပြင် ဆက်စပ်မဟာမိတ်အဖွဲ့အစည်းဖြစ်သော ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) မှ ကိုယ်စားလှယ်များ တက်ရောက်ကြကာ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

၂။ ကောင်စီအစည်းအဝေးတွင် လက်ရှိကောင်စီအဖွဲ့ဝင်အဖွဲ့အစည်းများ ဆက်လက်တည်ရှိခြင်းအပြင် ယခင်စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ကြသော ကချင်အမျိုးသားအစည်းအရုံး (KNO) နှင့် ယာယီအဖွဲ့ဝင်အဖွဲ့အစည်းအဖြစ်မှ ရပ်စဲထားသည့် ချင်းအမျိုးသားတပ်ဦး (CNF) အား လာမည့် ဇူလိုင်လတွင် ကျင်းပမည့် အရေးပေါ်ညီလာခံတွင် အဖွဲ့ဝင်အဖွဲ့အစည်းများအဖြစ် ပြန်လည်လက်ခံသွားရန် ဤကောင်စီ ပုံမှန်အစည်းအဝေးမှ အသိအမှတ်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၃။ ထို့အပြင် လက်ရှိ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး၊ UNFC အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့် NCA လမ်းကြောင်းမှတဆင့် အကောင်အထည်ဖော်ဆောင်သွားနိုင်ရန် အတူတကွ ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်

**ဆက်သွယ်ရန်**

*ခူဦးရယ်* - *အထွေထွေအတွင်းရေးမှူး* *ဖုန်း +66 (0) 84-805-1344*

*ဦးထွန်းဇော်* - *ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖုန်း +66 (0) 81 680-8934*